# စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ
# ထရူးမုဖ် အိတ်ချ် ရွှေမြန်မာများအတွက် အွန်လိုင်းချန်ပီယံဆင်းမ်

1) ဤဝန်ဆောင်မှုသည် Real Move Co., Ltd. ("RealMove") သို့ TrueMove H Universal Communication Co.,Ltd. ("TrueMove H"), "ကုမ္ပဏီ" ၏ကြိုတင်ငွေဖြည့် ဆင်းမ်ကဒ်ဖြစ်သည့် ရွှေမြန်မာများအတွက် အွန်လိုင်းချန်ပီယံ ဆင်းမ်ကဒ်ကို ဝယ်ယူပြီး ကိုယ်တိုင်သုံးစွဲသူများအတွက် ဖြစ်ပါသည်။ ဝန်ဆောင်မှုသည် ယနေ့မှ ဒီဇင်ဘာ 31, 2099 အထိ သို့မဟုတ် အသိပေးကြောင်းကြားသည် အထိ အကြုံးဝင်ပါသည်။ ကြိုတင်ငွေဖြည့် ဆင်းမ်ကဒ်ဖြစ်တဲ့ ရွှေမြန်မာများအတွက် အွန်လိုင်းချန်ပီယံ ဆင်းမ်ကဒ်ကို ဝယ်ယူရန် စိတ်ဝင်စားလျှင် 49 ဘတ် ဖြင့်ဝယ်ယူနိုင်ပြီး ပါဝင်သည့်အခြားသော ခံစားခွင့်များမှာ
    a. 15 ဘတ် တန်ဖိုးရှိ ဖုန်းငွေ
    b. 3G/EDGE/GPRS အင်တာနက်သုံးရန် 50MB
    c. Facebook, LINE, Viber နှင့် TrueID Lite 4GB တို့ကို ပထမ ရက်30အခမဲ့ သုံးနိုင်သည်
    d. ထို့နောက် ရက်30တိုင်း ဖုန်းငွေ စုစုပေါင်းငွေဖြည့်ငွေ 50ဘတ် ရှိလျှင် နောက်ထပ် ရက်30အတွက် ထိုအပလီကေးရှင်းများကို အခမဲ့ ထပ်မံအသုံးပြုနိုင်ပြီး အပိုဆောင်းအနေနဲ့ အင်တာနက် 300MB ပါရနိုင်သည်။
    e. ဖုန်းငွေဖြည့် အခမဲ့ ခံစားခွင့်များကို ဆင်းမ်ကဒ်သုံးနေသ၍ လစဉ်ခံစားနိုင်ပါသည် သို့မဟုတ် အသိပေးကြောင်းကြားသည် အထိ ခံစားနိုင်ပါသည်။

2) အခမဲ့ Facebook, LINE နှင့် TrueID Lite တို့ကို အောက်ပါအခြေအနေများတွင် သုံးနိုင်ပါသည်၊ ထိုသို့မဟုတ်ပါက Data ကျသင့်သည့်အတိုင်းပေးရပါမည်။
    a. အခမဲ့ Facebook ကို တက်လာသည့်သတင်းများဖတ်ခြင်း (news feed), wall, Like, Comments, Inbox ခြင်းတို့အတွက်သုံးနိုင်ပါတယ်။ ဗီဒီယိုတင်ခြင်း/ ဒေါင်းလုပ်ခြင်း၊ ဖုန်းခေါ်ခြင်း၊ ဗီဒီယိုဖြင့် ဖုန်းခေါ်ခြင်း၊ Facebook ၏ပြင်ပ URL/Website/application နှင့်အခြားသော ဝန်ဆောင်မှုများအသုံးပြုခြင်းမပါဝင်ပါ။
    b. အခမဲ့ LINE ကို Chat ဝန်ဆောင်မှုအတွက်သာ အသုံးပြုနိုင်သည်၊ ထိုအထဲတွင် စာပို့ခြင်း၊ Sticker ပို့ခြင်း/ရခြင်း၊ ပုံပို့ခြင်း/ရခြင်းပါဝင်ပါသည်၊ ဖုန်းခေါ်ခြင်း၊ အသံမက်ဆေ့ချ်၊ ဗီဒီယိုပို့ခြင်း/ ဒေါင်းလုပ်ခြင်း၊ Sticker ဒေါင်းလုပ်ခြင်း၊ Chat တွင်ပါလာသော URL/Website/application တို့ကိုဝင်ရောက်ခြင်းနှင့် LINE ၏အခြားအပလီကေးရှင်းများဖြစ်သော LINE Camera, LINE POP အစရှိသည်တို့မပါဝင်ပါ။
    c. အခမဲ့ Viber ကို Chat ဝန်ဆောင်မှုအတွက်သာ အသုံးပြုနိုင်သည်၊ ထိုအထဲတွင် စာပို့ခြင်း၊ Sticker ပို့ခြင်း/ရခြင်း၊ ပုံပို့ခြင်း/ရခြင်းပါဝင်ပါသည်၊ ဖုန်းခေါ်ခြင်း၊ ဗီဒီယိုပို့ခြင်း/ ဒေါင်းလုပ်ခြင်း၊ Sticker ဒေါင်းလုပ်ခြင်း၊ Chat တွင်ပါလာသော URL/Website/application တို့ကိုဝင်ရောက်ခြင်းနှင့် Viber ၏အခြားအပလီကေးရှင်းများဖြစ်သော Animated Message, Wink အစရှိသည်တို့မပါဝင်ပါ။
    d. အခမဲ့ TrueID Lite ကို 4GB ဒေတာအသုံးပြုခွင့်သို့ သတ်မှတ်ထားပါသည်။

3) အင်တာနက်ကြောင့် ဖုန်းငွေ ကုန်ဆုံးခြင်း - အွန်လိုင်း ချန်ပီယံ ဆင်းမ် သုံးစွဲသူတိုင်းကို ဒေတာသုံးနေသည့် အပလီကေးရှင်းတွေကြောင့် လုံးဝဖုန်းငွေမဖြတ်အောင် ကာကွယ်ပေးပါသည်။ ဖုန်းကနေ အင်တာနက် တိုက်ရိုက်သုံးတာကို ကာကွယ်ထားသောကြောင့် အင်တာနက်သုံးရန် ပက်ကေ့ချ်ကို အရင်ဝယ်ရပါမည်။ အခမဲ့ ရထားသော Facebook, LINE, Viber နှင့် TrueID Lite ခံစားခွင့်တွေကို အင်တာနက် ပက်ကေ့ချ်မရှိလျှင်လည်း သက်တမ်းရှိနေသ၍ သုံးစွဲနိုင်ပါသည်။

4) ကျသင့်နှုန်းထားများ

| ဝန်ဆောင်မှု | ကျသင့်နှုန်းထား (7% အခွန်ခ မပါဝင်သေးပါ) |
|---|---|
| ထိုင်းနိုင်ငံအတွင်း ကွန်ယက်အားလုံးသို့ | 1 ဘတ်/မိနစ် |
| ထိုင်းနိုင်ငံအတွင်း ထရူးမုဗ် အိတ်ချ်နံပါတ်များသို့ | 1 ဘတ်/နာရီ (61မိနစ်မှစပြီး 1ဘတ်/မိနစ်ကျမည်) |
| မြန်မာနိုင်ငံကို 00600 မှတစ်ဆင့်ခေါ်ဆိုခြင်း | ကွန်ယက်တိုင်း 2.5 ဘတ်/မိနစ် |
| မြန်မာနိုင်ငံကို 006 မှတစ်ဆင့်ခေါ်ဆိုခြင်း | ကွန်ယက်တိုင်း 9 ဘတ်/မိနစ် |
| အင်တာနက် တိုက်ရိုက်သုံးခြင်း | 0 ဘတ်/MB (အင်တာနက် တိုက်ရိုက်သုံးခြင်းမရှိ၊ တိုက်ရိုက်သုံး အင်တာနက် အမြန်နှုန်း 0Kbps) |
| WiFi | 1 ဘတ်/မိနစ် |
| ထိုင်းနိုင်ငံအတွင်း SMS | 2 ဘတ်/SMS |
| နိုင်ငံခြားသို့ SMS | 9 ဘတ်/SMS |
| ထိုင်းနိုင်ငံအတွင်း MMS | 5 ဘတ်/MMS |
| နိုင်ငံခြားသို့ MMS | 15 ဘတ်/MMS |

5) အခြား သုံးစွဲခြင်းအတွက် ခံစားခွင့်များ ရပိုင်ခွင့်များ စည်းကမ်းချက်များတွင် ဖော်ပြမထားသော်လည်း လွှဲပြောင်းခြင်း၊ ငွေဖြင့်လဲခြင်း သို့မဟုတ် အခြားခံစားခွင့်ဖြင့်လဲခြင်း၊ အခြားသူကိုလွှဲပြောင်းပေးခြင်း မပြုလုပ်နိုင်ပါ။

6) အောက်ဖော်ပြပါ အချက်များကို သုံးစွဲသူလုပ်ဆောင်လျှင် ကုမ္ပဏီမှ ဝန်ဆောင်မှုကို ဆိုင်းငံ့ခြင်း ရပ်ဆိုင်းခြင်းတို့ကို ကြိုတင်အသိပေးရန်မလိုဘဲ လုပ်ဆောင်ခွင့်ရှိသည်

   a. စာချုပ်ပါအချက်အလက်ဖောက်ဖျက်ခြင်း
      i. ပရိုမိုးရှင်း / ပက်ကေ့ချ်များကို ကိုယ်တိုင်အတွက် အသုံးပြုပြီး စီးပွားဖြစ်သို့မဟုတ် စီးပွားဖြစ်စေရန် ကြံစည်ပြီး အသုံးမပြုခြင်း
      ii. နည်းပညာ/ ကွန်ယက်/ စစ်စတမ်တစ်ခုခုကို အခြားဝန်ဆောင်မှုသုံးပြီး ပြောင်းလဲပြုပြင်ခြင်း။ ကုမ္ပဏီကိုဖြစ်စေ အခြားသုံးစွဲသူများကို ဖြစ်စေ မတရားသဖြင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ပြီးဖြစ်စေ တရားမဝင် ထိခိုက်စေခြင်း၊ ကွန်ယက်အတွက် အနှောက်အယှက်ဖြစ်စေခြင်း၊
   b. တရားမဝင်သော မည်သည့်လုပ်ဆောင်မှုမဆို၊ ဥပမာ လိမ်လည်ခြင်း၊ အခြား စာရွက်စာတမ်းဖြင့်လျှောက်ခြင်း၊ တရားမဝင်သော လုပ်ဆောင်မှုများ

7) အရေးကြီးပြောင်းလဲမှုများ၊ အစိုးရအသိပေးမှုမှ ပြောင်းလဲမှုများအတွက် ကုမ္ပဏီမှ ဤဝန်ဆောင်မှုများကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း ရပ်ဆိုင်းခြင်းများကို ကြိုတင်အသိပေးချက်မလိုဘဲ ပြောင်းလဲခွင့်ရှိသည်။

8) သို့မဟုတ်လျှင် ကုမ္ပဏီမှ ဤဝန်ဆောင်မှုများကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း ရပ်ဆိုင်းခြင်းများကို အသိပေးသင့်သည်ထင်သည့် နေရာများမှ ရက်30 ကြိုတင်အသိပေးသွားမည်။

9) ကျေးဇူးပြုပြီး အချက်အလက်များကို ဝန်ဆောင်မှုစတင်အသုံးမပြုမီ www.truemove-h.com တွင်လေ့လာပါ သို့မဟုတ် ထရူးမုဗ် အိတ်ချ်ကဲ *9090 သို့ ခေါ်ဆိုပါ သို့မဟုတ် ထရူးဆိုင်ရှိ အရောင်းကိုယ်စားလှယ်များတွင် စုံစမ်းပါ။